# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၃၆ ရက်မြောက်နေ့ အစီအစဉ်

# [ ၂၇-၁၁-၂၀၁၄ ] (ကြာသပတေးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၆ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးသိန်းဆွေ၊ အမ်း မဲဆန္ဒနယ်၏ **ရခိုင်ပြည်နယ်၏ အဓိက စီးပွားရေး လုပ်ငန်းတစ်ခုဖြစ်သည့် မွေးမြူရေးလုပ်ငန်းများ အဆင့်မြှင့်တင် နိုင်ရေးအတွက် စီမံချက်များရေးဆွဲကာ စီမံကိန်းတစ်ရပ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးအေးမောက်၊ မလှိုင် မဲဆန္ဒနယ်၏ **အဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ အလုပ်အကိုင်၊ ပတ်ဝန်းကျင် ထိခိုက်မှုရှိလာပါက မည်သို့ တင်ပြဆောင်ရွက်ရမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသည့် **"၁၉၅၄ ခုနှစ်၊ နိုင်ငံတော် အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး)အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်း"** ကို လက်ခံ ရရှိကြောင်းနှင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၆ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၃၇ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။